# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

June 19 , 2023 Volume 67, Number 13

၁၉.၆.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၅၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၀.၇ ကျပ် |
| စင်ကာပူတစ်ဒေါ်လာ | = ၁၅၆၅.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၈၉.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၃၈.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၂၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၃၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၃.၈၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၃.၈၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၃၄၅ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၈၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## CMP သွင်းကုန်ပို့ကုန်ဆိုင်ရာကြီးကြပ်ရေးဆပ်ကော်မတီ၏ (၂/၂၀၂၃) ကြိမ်မြောက် ညှိနှိုင်း အစည်းအဝေးကျင်းပခြင်း



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညွန့်အောင် ဦးဆောင်သော CMP သွင်းကုန်ပို့ကုန်ဆိုင်ရာ ကြီးကြပ်ရေးဆပ်ကော်မတီ၏ (၂/၂၀၂၃) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးအား ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့၊ နံနက် (၁၀:၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး၌ ကျင်းပပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ဆပ်ကော်မတီ၏ (၁/၂၀၂၃) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ စက်မှုဇုန်အလိုက် လုပ်ငန်းဆောင်ရွက်နေသည့် CMP ကုမ္ပဏီများ၏ ပို့ကုန်သွင်းကုန် ပို့ကုန်လုပ်ငန်း ဆောင်ရွက်မှု အခြေအနေ၊ CMP လုပ်ငန်းအတွက် တင်ပို့၊ တင်သွင်းသောကုမ္ပဏီ အရေအတွက် ပြောင်းလဲမှုအခြေအနေ၊ တင်သွင်း၊ တင်ပို့မှုစာရင်းများအရ တိုးမြှင့် တင်ပို့နိုင်ရေး ဆောင်ရွက်နိုင်မည့် အခြေအနေ၊ CMP လုပ်ငန်းများအား မြေပြင် ကွင်းဆင်းစစ်ဆေးမှုတွေ့ရှိမှုအခြေအနေများအရ သက်ဆိုင်ရာလုပ်ငန်းစဉ်များကို ပိုမို သိရှိနားလည်နိုင်စေရေး ဆောင်ရွက်မည့်အစီအစဉ်၊ CMP စနစ်ဖြင့် ဆေးဝါး ထုတ်လုပ် တင်ပို့ခြင်း လုပ်ငန်းဆောင်ရွက်မည့်ကိစ္စတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

အဆိုပါအစည်းအဝေးသို့ ဆပ်ကော်မတီအဖွဲ့ဝင်ဌာနများမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ကိုယ်စားလှယ်အရာထမ်းများ၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီ၊ အတွင်းရေးမှူး၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူးချုပ်၊ CMP ဆက်စပ်သည့် အသင်းအဖွဲ့များမှဥက္ကဋ္ဌများ၊ ကိုယ်စားလှယ်များ၊ CMP သွင်းကုန်ပို့ကုန်ဆိုင်ရာ စစ်ဆေးရေး လုပ်ငန်းအဖွဲ့ဝင်များ စုစုပေါင်း (၃၅) ဦးခန့် တက်ရောက်ကြောင်း သတင်းရရှိသည်။

**Source: commerce.gov.mm**

## သင့်တင့်မျှတသည့် ဆန်ဈေးနှုန်းဖြစ်စေရန် လုပ်ငန်းကော်မတီ ဖွဲ့စည်းဆောင်ရွက်မည်

စားသုံးသူများအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ သင့်တင့်မျှတသည့် ဈေးနှုန်းဖြစ်စေရေးအတွက် လုပ်ငန်းကော်မတီ တစ်ရပ်ဖွဲ့စည်းပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) မှ သိရသည်။

ဇွန်လ ၁၇ ရက် (ယနေ့)တွင် ဆန်စပါးဝယ်ယူမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပြီး ပုဂ္ဂလိက အခန်းကဏ္ဍမှ မြန်မာ့ဆန်စပါးလုပ်ငန်း၏ ရေရှည်အကျိုးအတွက် ညှိနှိုင်းဆောင်ရွက်ရန်လုပ်ငန်းကော်မတီဖွဲ့စည်းပြီး ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို စီစဉ်ညှိနှိုင်းခဲ့ကြောင်း သိရသည်။

ဆန်စပါးစီးပွားရေးလုပ်ငန်း ဆောင်ရွက်သည့်နေရာတွင် သင့်တင့်မျှတသည့် ဆန်ဈေးနှုန်းဖြစ်စေရေး အပါအဝင် ထုတ်လုပ်သူတောင်သူများ တွက်ချေကိုက်စေမည့် ဈေးနှုန်းဖြစ်စေရေးနှင့် နိုင်ငံတကာဆန်ဈေး၊ စပါးဈေးများနှင့်အညီ လိုက်လျောညီထွေဖြစ်ပြီး နိုင်ငံတကာဈေးကွက်၌ ယှဉ်ပြိုင်နိုင်ရေးမှာ အလွန်အရေးကြီးသည့် လိုအပ်ချက်များဖြစ်နေကြောင်း MRF ကဆိုသည်။

ပြည်တွင်းစားသုံး ဆန်ဈေးနှုန်းများ မြင့်တက်စေလိုသည့် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်နေသူများကြောင့် MRF က ဆန်ဈေးနှုန်း တည်ငြိမ်စေရန်၊ ပစ္စည်းမှန်၊ ဈေးနှုန်းမှန်၏၊ အရောင်းအဝယ်မှန်ဖြစ်စေရေး ထိန်းကျောင်းဆောင်ရွက်နေကြောင်း အသိပေးထားသည်။

**Source: Popular News Journal**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင်(၁၂-၆-၂၀၂၃ မှ ၁၆-၆-၂၀၂၃ ) အတွင်းဖြစ်ပေါ်ခဲ့သော ကုန်စည်ဈေးနှုန်းများ

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် အာလူး (တစ်ပိဿာ) ဈေးနှုန်း များမှာ ဟဲဟိုး A1 ကျပ် ၂၂၅၀၊ ဟဲဟိုး OK ကျပ် ၂၅၅၀၊ ဟဲဟိုး S1 ကျပ် ၂၅၅၀၊ ဟဲဟိုး S2 ကျပ် ၂၄၅၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဟဲဟိုး OK ကျပ် ၁၅၀၊ ဟဲဟိုး S1 ကျပ် ၁၅၀၊ ဟဲဟိုး S2 ကျပ် ၅၀ အသီးသီးဈေးကျဆင်းခဲ့ကြောင်းသိရသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ အာလူးကားစီးရေ ၃၆ စီး ( ၂၁၆၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် အာလူးကားစီးရေ ၅၃ စီး( ၃၁၆၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့သော ကြောင့် ယခင်အပတ်ထက် အာလူးကားစီးရေ ၁၇ စီး ( ၁၀၂၀၀၀ ပိဿာ ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ၊ ဆိပ်ဖြူရှယ် ကျပ် ၂၃၅၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၀၀၀ ဆိပ်ဖြူလတ်သန့် ကျပ် ၂၀၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၇၀၀ ၊ မုံရွာရှယ် ကျပ် ၂၂၀၀ ၊ မုံရွာလတ်ကြီး ကျပ် ၂၀၀၀ ၊ မုံရွာလတ်သန့် ကျပ် ၂၀၀၀ နှင့် မုံရွာလတ်ချော ကျပ် ၁၆၅၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူလတ်ချော ကျပ်၁၀၀၊ မုံရွာလတ်ကြီး ကျပ် ၁၀၀ နှင့် မုံရွာလတ်ချော ကျပ် ၁၅၀ ဈေးမြင့်တက်ခဲ့ပြီး ဆိပ်ဖြူရှယ် ကျပ် ၂၀၀ နှင့် မုံရွာရှယ် ကျပ် ၅၀ ဈေးကျဆင်းခဲ့သည်။ ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင် ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၁၁ စီး( ၆၆၆၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၈၉ စီး ( ၅၃၄၀၀၀ပိဿာ ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်နီ ကားစီးရေ ၂၂ စီး (၁၃၂၀၀၀ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

## ကြက်သွန်ဖြူ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ(တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၆၉၀၀၀၊ အောင်ပန်းထူး-၂ ကျပ် ၅၆၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၆၀၀၀၀၊ အောင်ပန်းထူး-၄ ကျပ် ၆၆၀၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၇၀၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြက်သွန်ဖြူဈေးများငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၃၄၀၀ ( ၁၀၂၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင်ကြက်သွန်ဖြူ အိတ် ၂၆၀၀ (၇၈၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူ အိတ် ၈၀၀ ( ၂၄၀၀၀ ပိဿာ) လျော့နည်း ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**Source: Domestic(Ygn) MITC**

## အသစ်ဝင်နှမ်းများ ဈေးမြင့်တက်နေပြီး လက်ကျန်နည်းလာသည့် မြေပဲဆန် ဈေးမြင့်တက်လာ




အသစ်ဝင်နှမ်းမျိုးစုံ ဈေးမြင့်တက်နေပြီး ပြည်တွင်းလက်ကျန်နည်းလာသည့် မြေပဲဆန်မှာ ဈေးပြန်မြင့်တက်ပြီး အရောင်းအဝယ်သွက်နေကြောင်း ပဲနှမ်းကုန်သည်များထံက သိရသည်။

စံချိန်တင်ဈေးမြင့်တက်နေသည့် ပိုကုန်မတ်ပဲနှင့် ပဲစင်းငုံမှာ အတက်ဈေး ရပ်တန့်သွားပြီး ပုံမှန်သာအရောင်းအဝယ်ရှိနေသည်။ လက်ရှိ ပဲနှမ်းဈေးကွက်တွင် တရုတ်လိုင်းတင်ပို့ရန် အဝယ်ရှိနေတာကြောင့် အသစ်ဝင် နှမ်းမျိုးစုံနှင့် လက်ကျန်နည်း လာသည့် မြေပဲဆန်မှာ ခပ်သွက်သွက် အရောင်းအဝယ်ဖြစ်နေသည်။

မတ်ပဲနှင့်ပဲစင်းငုံမှာ ဈေးပြန်ကျဆင်းသွားကြောင်း၊ ပြည်တွင်းသုံး ကုလားပဲ အုပ်စုမှာ အရောင်းထိန်းနေတာကြောင့် ဈေးရပ်တန့်နေကြောင်း၊ အသစ်ဝင် နှမ်းမျိုးစုံမှာ အထွက်နှုန်းနည်းပါးခြင်း၊ စိုက်ခင်းများပျက်စီးမှုရှိခြင်းတို့ကြောင့် နှမ်းပေါက်ဈေးမှာ ပြန်လည်မြင့်တက်လာရာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀ မှ ၃၅၀၀၀၀ အထိ အရည်အသွေးလိုက် ဈေး ကောင်းရရှိလာကြောင်း ပြည်တွင်း လက်ကျန်နည်းလာသည့် မြေပဲဆန်မှာလည်း ဆီစက်ပိုင်များဝယ်ယူမှုနှင့် တရုတ်လိုင်းအဝယ်ကောင်းနေတာကြောင့် တစ်ပိဿာ ငွေကျပ် ၈၅၀၀မှ ၈၇၀၀ အထိ ပေါက်ဈေးဖြစ်လာကြောင်း ကိုဇင်မင်းဦး(တက်နေလင်း)ပွဲရုံကပြောသည်။

"မတ်ပဲနဲ့ ပဲစင်းငုံကတော့ ဈေးပြန်အေးသွားပါတယ်။ ကုလားပဲလှောင်လက်သမားတွေ အရောင်းထွက်ပေမယ့် ရန်ကုန် အဝယ်သမားတွေ ဈေးသိပ်မလိုက်နိုင်လို့ အရောင်းအဝယ် ခပ်အေးအေးသာရှိပါတယ်။ ကုလားပဲက လက်ကျန် နည်းလာတော့ တဖြည်းဖြည်းသာ ထုတ်ရောင်းနေတာပါ။ လက်ရှိမှာ နှမ်းမျိုးစုံအသစ်ဝင်နေတော့ တရုတ်အဝယ်သမားတွေက ပစ္စည်း ဝင်သလောက် အဝယ်ကောင်းနေတာပါ။ မြေပဲဆန်ကလည်း နယ်စပ်ကတင်ပို့မှုမရှိပေမယ့် ပင်လယ်ရေလမ်းကြောင်းက တင်ပို့ နေလို့ ဈေးပြန်လည်မြင့်တက်လာပါတယ်"ဟု ၎င်းကပြောသည်။

ဇွန် ၁၅ ရက်တွင် မတ်ပဲ ၆၀ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၂၄၅၀၀၀၊ ပဲစင်းငုံ ၆၀ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃၁၅၀၀၀၊ ပဲတီစိမ်းအညာ ၅၆ ဒသမ ၂၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၁၇၀၀၀၀ ပေါက်ဈေးသာရှိ ကြောင်း၊ ပြည်တွင်းသုံး ပဲမာလိုင်းများဖြစ်သည့် ပဲကြီး၊ ပဲထောပတ်၊ မြေထောက်ပဲ၊ ကျွန်းစားတော်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀ ခန့် ဈေးမြင့်တက်လာ ကြောင်း မန္တလေးကုန်စည်ဒိုင်ပေါက်ဈေးများအရ သိရသည်။

ပြည်တွင်းသုံး ကုလားပဲ အုပ်စုမှာ ဇွန် ၁၅ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၆၅၀၀၀၊V7 တစ်အိတ် လျှင် ငွေကျပ် ၂၃၄၀၀၀၊ ထိုင်ဝမ် ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၅၈၀၀၀၊ ၉၂၉ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၆၄၀၀၀ ပေါက်ဈေးဖြစ်လာပြီး ပြည်တွင်း သုံးပဲမာလိုင်းများမှာ ပဲကြီးတစ် အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀၊ ပဲထောပတ်တစ်အိတ် ငွေကျပ် ၂၈၅၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၁၅၀၀၀၊ ကျွန်း စားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၄၁၀၀၀၀၊ မြေပဲအနီ လုံးဆန် တစ်ပိဿာ ငွေကျပ် ၈၅၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

အသစ်ဝင် နှမ်းမျိုးစုံဈေးကွက် မှာ ဈေးမြင့်တက် အဝယ်လိုက်လာရာ နှမ်းဖြူ ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၃၇၃၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၃၀၅၀၀၀၊ နှမ်းနက်စမုံ တစ်အိတ်လျှင် ငွေကျပ် ၃၄၅၀၀၀၊ နှမ်းဝါ (အသစ်) တစ်အိတ်လျှင် ငွေကျပ် ၃၀၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

https://t.me/htwettoe

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၃၈၆၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေး ကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှား နိုင်ငံတို့တွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိပါသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့ မှ ဇွန်လ ၂၅ ရက်နေ့ အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၃၈၆၀ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပါသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက် သွားမည် ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှု နိုင်ကြောင်းသိရသည်။

**Source:** https://www.commerce.gov.mm/my/article/

## အိန္ဒိယနိုင်ငံ Karnataka ပြည်နယ်တွင် မိုးနည်းသည့်အတွက် ပဲတီစိမ်းစိုက်ပျိုးမှုနောက်ကျပြီး ပဲမျိုးစုံလက္ကား ဈေးနှုန်းများ မြင့်တက်ဖွယ်ရှိနေ

အိန္ဒိယနိုင်ငံ အနောက်တောင်ပိုင်းရှိ ယခင်က မိုင်ဆိုးခေါ် ကာနာတက်ကာ(Karnataka )ပြည်နယ်သည် ပဲတီစိမ်းကို အဓိကစိုက်ပျိုးသည့် ပြည်နယ်တစ်ခုဖြစ်သည်။ ယခုအခါ မိုးဥတုအဝင် နောက်ကျလျက်ရှိသည့်အတွက် ပဲတီစိုက်ပျိုးမှုအပေါ် များစွာ အကျိုးသက်ရောက်လျက်ရှိပြီး၊ ပဲစိုက်တောင်သူများအနေဖြင့် မုတ်သုံအားနည်းမှုကြောင့် ပဲတီစိမ်းကိုသာ မိုးကို စောင့်ဆိုင်း၍ စိုက်ပျိုးရမည်လော၊ အခြားသီးနှံတစ်မျိုးမျိုးကိုသာ ပြောင်းလဲစိုက်ပျိုးရမည်လော ဝေခွဲရခက်လျက်ရှိကြောင်း သိရသည်။ ယင်းသို့ပဲစိုက်ပျိုးချိန်နောက်ကျ၍ ပဲတီစိမ်းအထွက်နည်းမည့်လက္ခဏာရှိနေသဖြင့် ယခင်က မြင့်တက်လျက်ရှိသော ပဲဈေးနှုန်းအပေါ်ထပ်ဆင့်၍ ပဲဈေးနှုန်းများမြင့်တက်လာကာ စားသောက်ကုန်ဈေးနှုန်းများ ဖေါင်းပွမည့်အလားအလာနှင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း သိရသည်။

ပုံမှန်ဆိုပါက အဆိုပါပြည်နယ်၌ ပဲတီစိမ်းကို ဇွန်လ ၂၀ ရက်နေ့ နောက်ဆုံးထား၍ စိုက်ပျိုးလေ့ရှိသည်။ သို့သော် တောင်သူများအနေဖြင့် မိုးအနည်းငယ် ယခုထက်ပိုမိုကောင်းမွန်လာပါက ပဲစိုက်ပျိုးချိန်ကာလကို သီတင်းပတ်တစ်ပတ် ထပ်မံတိုးချဲ့စိုက်ပျိုးသွားမည်ဟုဆိုသည်။ အစိုးရကသတ်မှတ်ထားသော အနိမ့်ဆုံးထားရှိရမည့် ပဲတီစိမ်းကြမ်းခင်းဈေးနှုန်းများ မကြာသေးမီကမြင့်တက်ခဲ့သည့်အတွက် ပဲစိုက်တောင်သူများအနေဖြင့် ပဲတီစိမ်းကို ဆက်လက်စိုက်ပျိုးရန် အခွင့်အလမ်း သာလျက်ရှိသည်။

သို့သော် ယခုနှစ်တွင် မိုးရွာသွန်းမှုနည်းပါးသည့်အတွက် စိုးရိမ်မှုများရှိနေပြီး၊ ကေအများအပြားစိုက်ပျိုးသော တောင်သူများအနေဖြင့် ပြောင်း၊ ဝါ၊ မတ်ပဲ၊ မြေပဲနှင့် ဘာဂျရာ (bajra) စသည့်အခြားသီးနှံများလည်း အထွက်နှုန်း ကျဆင်းဖွယ်ရှိမည်ဟု ယူဆလျက်ရှိသည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံတစ်ဝှမ်းလုံး၏ ပဲတီစိမ်းအထွက်နှုန်းမှာ ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ကျဆင်းဖွယ်ရှိနေပြီး၊ အကျိုးဆက်အားဖြင့် ပဲမျိုးစုံဈေးနှုန်းများ ဆက်လက်မြင့်တက်သွားမည့် အလားအလာများရှိနေကြောင်း သိရသည်။

လက်ရှိအချိန်တွင် ကာနာတက်ကာပြည်နယ်ရှိ ပဲတီစိမ်းစိုက်ပျိုးမြေစုစုပေါင်း၏ ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းခန့်ကိုသာ စိုက်ပျိုးပြီးစီး၍ ကျန်ပဲစိုက်တောင်သူအချို့က ရေရရှိရန် ကိုယ်ပိုင်ရေတွင်း ရေကန်များအပေါ် မှီခိုနေရပြီး၊ အခြားတောင်သူများ အနေဖြင့် မိုးအလာကိုသာ စောင့်ဆိုင်းလျက်ရှိကြသည်။ ပဲတီစိမ်းအဓိကစိုက်ပျိုးသော ဂါဒက် (Gadag)၊ ဒါဝပ်(Dharwad)၊ ကော်ပယ်(Koppal)နှင့် ဘာဂယ်လ်ကော့ (Bagalkot) တို့ကဲ့သို့ ခရိုင်များ၌ မုတ်သုံမိုးရွာသွန်းမှုနည်းပါးသည့်အတွက် တောင်သူ လယ်သမားများ လက်ရှိရင်ဆိုင်နေရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများအပေါ်ထပ်ဆင့်၍ ပူပန်စရာဖြစ်လျက်ရှိသည်ဟုဆိုသည်။

ယင်းသို့ ပဲစိုက်ပျိုးချိန်နောက်ကျခြင်းကြောင့် ပဲစင်းငုံနှင့်ပဲတီစိမ်းဈေးနှုန်းများတက်သည့်အခြေအနေမျိုးကဲ့သို့ ပဲမျိုးစုံနှင့် နံ့စားသီးနှံဈေးနှုန်းများဖေါင်းပွမှုကို ဖြစ်ပေါ်စေမည်ဖြစ်သည်။ ပဲမျိုးစုံဈေးဖေါင်းပွမှုနှုန်းမှာ လက်ရှိအချိန်တွင် ၆ ရာခိုင်နှုန်း အထက်ရှိ၍ နံ့စားသီးနံ့ဈေးဖေါင်းပွမှုနှုန်းမှာ ၁၀ ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်းအထိရှိကြောင်း သိရသည်။ အဆိုပါ အခြေအနေမှာ ရာသီကုန်၍ စုစုပေါင်း သီးနှံမည်မျှထွက်ရှိနိုင်မည်ဆိုသည်ကို သိရှိနိုင်သည်အထိ ယခုအတိုင်း မပြောင်းလဲပဲရှိနေမည်ဟု ခန့်မှန်းထားကြသည်။

အကယ်၍ မုတ်သုံမိုးရွာသွန်းမှုအားကောင်းလာပါက မဟာရှထရာ(Maharashtra)ပြည်နယ်ရှိ တောင်သူလယ်သမားများ အနေဖြင့် ကာနာတက်ကာပြည်နယ်မှ လျော့ကျဖွယ်ရှိသော ပဲတီစိမ်းအထွက်နှုန်းအား ကာမိအောင် ပိုမိုစိုက်ပျိုးထုတ်လုပ် သွားဖွယ်ရှိကြောင်း သိရသည်။ လာမည့် သီတင်းပတ် (၄)ပတ်အထိ မိုးရွာသွန်းမှုနည်းပါးမည်ဟု ပုဂ္ဂလိက မိုးလေဝသ ဌာန တစ်ခုဖြစ်သော Skymet မှ ခန့်မှန်းထားချက်အပေါ် တောင်သူများက စိုးရိမ်မကင်းရှိနေကြသည်။ ယင်းကဲ့သို့ မုတ်သုံအဝင် နောက်ကျလျက်ရှိသည့်အခြေအနေက အာရေဗျပင်လယ်တွင် ဖြစ်ပေါ်လျက်ရှိသော Biparjoy ဆိုင်ကလုံးမုန်တိုင်းကို အားကောင်းစေသည့်အကြောင်းအရင်းတစ်ခုဖြစ်ကြောင်း သိရသည်။

**Source: www.livemint.com**

**(စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

## STOCK EXCHANGE (19.6.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 19th Jun. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,456 (Shares) | 18,296,950 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,900 | -100 | -1.25% | 8,000 | 8,000 | 7,900 | 602 | 4,808,600 | 33,109,694 | 261,567 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 664 | 1,925,600 | 38,929,150 | 112,895 |
| MCB | 00003 | 7,300 | +100 | +1.39% | 7,300 | 7,300 | 7,300 | 3 | 21,900 | 10,400,986 | 75,927 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,500 | 1,500 | 1,450 | 6,949 | 10,378,500 | 29,664,613 | 44,497 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 0 | 0 | 12,823,224 | 32,058 |
| EFR | 00006 | 2,450 | -50 | -2.00% | 2,450 | 2,450 | 2,450 | 1 | 2,450 | 19,977,223 | 48,944 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,900 | 4,900 | 4,800 | 237 | 1,159,900 | 10,497,598 | 50,389 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 19th Jun. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 355.42 | -1.85 | -0.52% | 357.86 | 358.46 | 355.14 | 8,456 | 18,296,950 | 7 | 626,277 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 19th Jun. 2023

| Trading Volume | Trading Value |
|---|---|
| 8,456 (Shares) | 18,296,950 (MMK) |

### Main Board

As of 1:00 pm, 19th Jun. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,456 (Shares) | 18,296,950 (MMK) |

| MYANPIX | 355.42 ▼ 1.85 |
|---|---|
| Total Volume (shares) | 8,456 |
| Total Value (MMK) | 18 mil |
| Listed Company | 7 |
| Market Cap. (MMK) | 626,277 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,900 | ▼ 100 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,300 | ▲ 100 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,450 | ▼ 50 |
| AMATA | 00007 | 4,800 | ▲ 0 |